သတင်းထုတ်ပြန်ချက်

**စျေးကွက်အတွက် အရေးပါသည့် အချက်အလက်များ**
**၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက် မြန်မာစံတော်ချိန် ၀၇၀၀ (UTC ၀၀၃၀) နာရီအထိ တားမြစ်ထားသည်**

# S&P Global အာဆီယံ ထုတ်လုပ်မှု PMI®

## အာဆီယံ ထုတ်လုပ်မှု အခြေအနေများသည် ဖေဖော်ဝါရီလ၌ ခုနစ်လအတွင်း အားအကောင်းဆုံး အတိုင်းအတာအထိ တိုးတက်မှုရလာသည်

**အဓိကတွေ့ရှိချက်များ**

ကုန်ထုတ်လုပ်ရေးသည် လွန်ခဲ့သော ဇူလိုင်လ နောက်ပိုင်းတွင် အလျင်မြန်ဆုံးနှုန်းဖြင့် မြင့်တက်လာသည်

အလုပ်ခန့်အပ်မှုတွင် ပိုမိုလျင်မြန်သော တိုးချဲ့မှုကို မှတ်တမ်းတင်သည်

ယုံကြည်စိတ်ချမှုသည် ၂၂ လအတွင်း အမြင့်ဆုံးဖြစ်သည်

ဒေတာကို ဖေဖော်ဝါရီလ ၁၀–၂၄ ရက်အတွင်း စုဆောင်းခဲ့သည်

လွန်ခဲ့သောနှစ် စက်တင်ဘာလမှစ၍ ဇန်နဝါရီလအထိ တွေ့ရှိခဲ့ရသော အသင့်အတင့် တိုးတက်လာမှုများ နောက်ပိုင်းတွင် အာဆီယံရှိ ထုတ်လုပ်ရေး အခြေအနေများသည် ဖေဖော်ဝါရီလတွင် ခိုင်မာသော တိုးတက်မှုကို ကြုံတွေ့ခဲ့ရသည်။ ရှိနှင့်ပြီးဖြစ်သော ဒေတာက ထုတ်လုပ်ရေးတွင် အရှိန်ရလာသော မြင့်တက်မှုတစ်ခုကို ပြသနေပြီး ၎င်းသည် အမှာစာအသစ်များတွင် မှတ်သားလောက်ဖွယ် တိုးတက်မှုရခြင်းနှင့် တစ်ပြိုင်တည်း ဖြစ်ခဲ့သည်။

လုပ်ငန်းများသည် ၎င်းတို့၏ ဝယ်ယူရေး လုပ်ဆောင်မှုနှင့် အလုပ်ခန့်အပ်မှု အဆင့်များကို မြှင့်တင်ခဲ့ကြသည်။ ယင်းနှစ်ပိုင်းစလုံး၌ တိုးပွားမှုနှုန်းသည် ယခုလတွင် လျင်မြန်ခဲ့သည်။ ထို့အပြင် လုပ်ငန်းများသည် ၎င်းတို့၏ ရှုမြင်သုံးသပ်ချက်တွင် လက်ကျန်ပစ္စည်းများ ပိုမို၍ ထည့်သွင်းခဲ့ကပြီး ယုံကြည်စိတ်ချမှုသည် ၂၂ လအတွင်း အမြင့်ဆုံးအထိ အားကောင်းလာခဲ့သည်။

S&P Global အာဆီယံ ထုတ်လုပ်ရေး ထည့်ကုန်ဝယ်ယူရေး မန်နေဂျာများ၏ အညွှန်းကိန်း (Purchasing Managers' Index™) (PMI®) သည် ဇန်နဝါရီလတွင် ၅၀.၄ ရှိခဲ့ရာမှ ဖေဖော်ဝါရီလတွင် ခုနစ်လအတွင်း အမြင့်ဆုံးဖြစ်သည့် ၅၁.၅ သို့ ရောက်ရှိခဲ့သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ နောက်ပိုင်းမှစ၍ ယခုအခါ တိုးတက်မှုရခြင်းများကို လစဉ်အလိုက် မှတ်တမ်းတင်ခဲ့သည်။


ကဏ္ဍ၏ ပိုမိုအားကောင်းသော စွမ်းဆောင်ရည်ကို အမှာစာအသစ်များနှင့် ထုတ်လုပ်ရေးတို့တွင် ခိုင်မာပြီး ပိုမိုလျင်မြန်သော တိုးတက်မှု ရခြင်းများက ပိုမိုခိုင်မာစေခဲ့သည်။ လတ်တလောအဖြစ်ဆုံး တိုးတက်လာမှုများသည် ခြောက်လနှင့် ခုနစ်လများအတွင်း အားအကောင်းဆုံး အသီးသီး ဖြစ်ခဲ့ကြသည်။

အာဆီယံ ထုတ်လုပ်သူများသည် ဖေဖော်ဝါရီလ၌ ထုတ်လုပ်ရေးအပေါ် ရှုမြင်သုံးသပ်ချက်တွင် မြင့်မားသော ယုံကြည်စိတ်ချမှုကို မှတ်တမ်းတင်နိုင်ခဲ့သည်။ သက်ဆိုင်ရာ အညွှန်းကိန်းသည် ရေရှည်စီးရီးလိုက် ပျမ်းမျှကိန်းနှင့် ပိုမိုနီးစပ်လာပြီး ၂၂ လအတွင်း အမြင့်ဆုံး ဖြစ်ခဲ့သည်။

ထုတ်လုပ်ရေး လိုအပ်ချက်များ မြင့်မားလာခြင်းနှင့် အလုပ်ပမာဏများ တိုးလာရန် မျှော်လင့်ခြင်းတို့က လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းကို တိုးချဲ့ခြင်းဖြင့် တုံ့ပြန်ကြကြောင်း ဆိုလိုခြင်း ဖြစ်ခဲ့သည်။ ထည့်ကုန်ဝယ်ယူရေး လုပ်ဆောင်မှုနှင့် အလုပ်ခန့်အပ်မှု နှစ်မျိုးစလုံးသည် ပိုမိုအားကောင်းသော နှုန်းများဖြင့် မြင့်တက်ခဲ့သည်။ ထည့်ကုန်ဝယ်ယူရေးတွင် တိုးတက်မှုရခြင်းသည် ဝယ်ယူထားသော လက်ကျန်ပစ္စည်းများ အသင့်အတင့် တိုးလာခြင်းနှင့် သက်ဆိုင်ခဲ့ပြီး ရှစ်လအတွင်း တိုးပွားမှုရှိသည့် ပထမဆုံးလ ဖြစ်စေခဲ့သည်။

ယင်းအချိန်အတောအတွင်း ကုမ္ပဏီများသည် အရောင်းလိုအပ်ချက်များကို တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းပေးရန် ၎င်းတို့၏ လက်ဝယ်ရှိပစ္စည်းများကို အသုံးပြုခဲ့ကြသောကြောင့် ထုတ်လုပ်ပြီးသော ကုန်ပစ္စည်းများ၏ လက်ကျန်ပစ္စည်းများသည် မဆိုစလောက်မျှသာ ထပ်မံ၍ လျော့ပါးခဲ့သည်။

**S&P Global အာဆီယံ ထုတ်လုပ်မှု PMI**
ညိုကိန်း >၅၀ = ယခင်လနောက်ပိုင်း တိုးတက်မှု




ရင်းမြစ်– S&P Global PMI.

ကျန်ရှိနေသော အလုပ်ပမာဏသည် ဖေဖော်ဝါရီလတွင် မြင့်တက်ခဲ့သောကြောင့် ယင်းက လက်ကျန်အလုပ် စုပုံခြင်း၏ လက်ရှိကာလကို တစ်နှစ်အထိ တိုးစေခဲ့သည်။ သို့ရာတွင် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက စုပုံမှုနှုန်းသည် နှေးကွေးခဲ့ပြီး ထုတ်လုပ်မှုကို ပံ့ပိုးပေးသည့် နည်းလမ်းများသည် အချို့သော လုပ်ဆောင်နိုင်စွမ်း ဖိအားများကို လျော့ပါးစေခဲ့ကြောင်း ပြသနေသည်။

ကုန်ကျစရိတ် ဖိအားများသည် ဇန်နဝါရီလတွင် တွေ့မြင်ခဲ့ရသည့်အတိုင်း များစွာပြောင်းလဲခြင်း မရှိဘဲ ဆက်ရှိနေခဲ့သည်။ ယင်းအချိန်အတောအတွင်း ထုတ်လုပ်မှု အဖိုးအခ ဖောင်းပွမှုနှုန်းသည် ယခုလ၌ မပြောင်းလဲဘဲ ဆက်ရှိနေခဲ့ပြီး အသင့်အတင့် တိုးလာမှုကိုသာ ပြသနေခဲ့သည်။ ထို့အပြင် နှစ်မျိုးစလုံးတွင် ဖောင်းပွမှု အရှိန်အဟုန်များသည် ၎င်းတို့၏ သက်ဆိုင်ရာ စီးရီးအလိုက် ပျမ်းမျှကိန်းများထက် ဆက်လက်၍ အားနည်းနေခဲ့သည်။

အာဆီယံ ထုတ်လုပ်ရေး PMI ဒေတာအပေါ် S&P Global Market Intelligence မှ စီးပွားရေးပါရဂူ Maryam Baluch ပြောကြားသွားသည်မှာ –

*“ဖေဖော်ဝါရီလမှာ အာဆီယံ ထုတ်လုပ်ရေး အခြေအနေတွေမှာ သိသာထင်ရှားတဲ့ တိုးတက်မှု တစ်ခုကို တွေ့ခဲ့ရပါတယ်။ အားကောင်းတဲ့ ရှိနှင့်ပြီးသား ဝယ်လိုအား အလားအလာတွေက စုစုပေါင်း အမှာစာအသစ်တွေမှာ ခိုင်မာတဲ့ တိုးပွားမှုကို ဖြစ်စေခဲ့ပြီး ထုတ်လုပ်မှုအဆင့်တွေကို နှိုင်းယှဉ်နိုင်တဲ့ အရှိန်အဟုန် တစ်ခုနဲ့ တိုးမြှင့်ဖို့ လုပ်ငန်းတွေကို အားပေးနေပေါ်တယ်။*

*"လာမယ့်နှစ်အတွက် အလားအလာခန့်မှန်းခြေတွေမှာ ထုတ်လုပ်ရေးအတွက် ရှုမြင်သုံးသပ်ချက်က ၂၂ လအတွင်း အမြင့်ဆုံးအထိ ရောက်ခဲ့ခြင်းနဲ့အတူ အကောင်းမြင်စိတ်က ထုတ်လုပ်သူတွေ အကြားမှာ အားကောင်းနေခဲ့ပါတယ်။ ပိုမိုမြင့်မားတဲ့ အလုပ်ပမာဏတွေအတွက် ကြိုတင်ပြင်ဆင်ဖို့နဲ့ လက်ရှိ ထုတ်လုပ်ရေး လိုအပ်ချက်တွေ ပြည့်မီစေဖို့ အလုပ်ခန့်အပ်မှုနဲ့ ထည့်ကုန်ဝယ်ယူမှု နှစ်မျိုးစလုံးကိုလည်း မြှင့်တင်ခဲ့ပါတယ်။ ဒေသရဲ့ ထုတ်လုပ်ရေးကဏ္ဍအတွင်း လုပ်ဆောင်မှုမှ လတ်တလော တိုးတက်မှုရခဲ့တဲ့တိုင်အောင် အားတက်စရာအနေနဲ့ ငွေကြေးဖောင်းပွမှုဆိုင်ရာ ဖိအားတွေကို ဆက်လက်ထိန်းထားနိုင်ပြီး သမိုင်းကြောင်းအရ ငြိမ်သက်နေစေခဲ့ပါတယ်။”*

PMI® by S&P Global

Copyright © 2025 S&P Global

